
ထက်ကျော်
အရိပ်တွေ လိုက်ဖမ်းနေရင်
အကောင်တွေ လွတ်သွားလိမ့်မယ်

" အရိပ်တွေ
လိုက်ဖမ်းနေရင်
အကောင်တွေ
လွတ်သွားလိမ့်မယ် "

## အိမ်တစ်လုံးလိုချင်တယ်

တစ်ရတ်(တိုင်ဝမ်)က နာမည်ကြီးတဲ့အဆိုတော် 'ဖန်းမေချိန်' ရဲ့ဗွီဒီယိုသီချင်းခွေကို အားလပ်ရက်တစ်ရက်မှာ နားထောင်ခံစားကြည့်ရှုရင်းက ပေါ်လာတဲ့အတွေးကို ရေးချင်လို့၊ ဒီခေါင်းစဉ်ကိုရွေးမိတာပါ။ 'ဖန်းမေချိန်'ဟာ မိဘမဲ့တစ်ဦးဖြစ်ပြီး ငယ်စဉ်ကတိုင် 'မိဘမဲ့ဂေဟာ' မှာ နေထိုင်ကြီးပြင်းခဲ့သူတစ်ဦးဖြစ်ပါတယ်။ အရွယ်ရောက်လာတော့မှ အဲဒီကတစ်ဆင့်ဂီတ လောကထဲကို ရောက်လာပြီး ထင်ရှားလာတဲ့ ကြယ်တစ်ပွင့်ဖြစ်လာသူတစ်ဦးဖြစ်ပါတယ်။

အိမ်တစ်လုံးလိုချင်တယ်ဆိုတာ 'ဖန်းမေချိန်' ရဲ့ထင်ရှားတဲ့သီချင်းတစ်ပုဒ်ပါ။ အဲ့ဒီ သီချင်း ပေါက်ခဲ့တာကြောင့် သူမဟာလူသိများပြီး ထင်ရှားလာတဲ့ အဆိုတော်အမျိုးသမီး ဖြစ်ပါတယ်။ အဲဒီ သီချင်းကို သူကိုယ်တိုင်ရေးပြီး သူကိုယ်တိုင်ခံစားသီဆိုခဲ့တာပါ။

“ အိမ်တစ်လုံး လိုချင်တယ်

သိပ်ပြီး ခမ်းနားစရာ မလိုပါဘူး

မောပန်းနွမ်းနယ်နေချိန်

သတိရစရာအိမ်မျိုးဖြစ်ရင် တော်ပါပြီ

ကြောက်လန့်ထိပ်လန့်နေရချိန်

ပြန်လာလို့ရတဲ့ အိမ်မျိုးဖြစ်နေရင် တော်ပါပြီ

လူတိုင်းမှာတော့ အိမ်ကိုယ်စီရှိကြပေမယ့်

ကျွန်မမှာတော့ အိမ်မရှိပါလား

ခိုက်ရန်ဖြစ်ပွားလို့

ထိခိုက်ဒဏ်ရာရခဲ့ရင်

တခြားသူတွေက ပြန်စရာ အိမ်ရှိကြတယ်။

ကျွန်မမှာတော့

အိမ်မရှိပါလား၊

ကိုယ့်မျက်ရည်ကို

ကိုယ်တိုင်သုတ်ခဲ့ရတဲ့ အကြိမ်တွေ မနည်းတော့ပါဘူး

နွေးထွေးတဲ့အိမ်မရှိဘဲ

ကြီးပြင်းခဲ့ရတဲ့ ကျွန်မ

ကျွန်မရဲ့စိတ်ဓာတ်အင်အားနဲ့

ကျွန်မကို ကျွန်မ နွေးထွေးစေခဲ့ရတယ်

ဘယ်သူ့ကိုမှ အပြစ်တင်စရာလည်း

မလိုဘူးထင်ပါရဲ့

ကိုယ့်အားကိုယ်ကိုးပြီး

အိမ်တစ်လုံးရအောင် ရှာရမှာပေါ့။

အိမ်တစ်လုံးလိုချင်တယ်

အိမ်ရှိပေမယ့် မပျော်ကြတဲ့သူတွေ

အိမ်ရှိပေမယ့် အချစ်မရှိကြတဲ့သူတွေလိုမျိုး မဖြစ်စေချင်ဘူး

အိမ်တစ်လုံးလိုချင်တယ်

တကယ့်ကို နွေးထွေးမှုရှိမယ့်

အိမ်တစ်လုံးလိုချင်တယ်။ ။"

သီချင်းကိုခံစားပြီး အတတ်နိုင်ဆုံး ဆီလျော်အောင် ချဉ်းကပ်ကြည့်တဲ့အခါ 'ဖန်းမေချိန်' ကိုပိုမိုနားလည်ပါတယ်။ ဖန်သားပြင်ပေါ်မှာအားငယ်စိတ်တွေနဲ့ အစားထိုးရင်း ခံစားချက် အပြည့်နဲ့ သီဆိုနေတဲ့ သူ့ရဲ့ပုံရိပ်လွှာကိုလည်း လေးစားအားကျဖွယ် တွေ့ရရဲ့။ မိဘမဲ့တစ်ကလေးဦးရဲ့ ရင်ထဲက ခံစားချက်ကိုလည်း နားလည်နိုင်ပြန်တယ်။ သူ့သီချင်းက သူ့လို အထီးကျန်ကြီးပြင်းခဲ့တဲ့ မိဘမဲ့ကလေးများရဲ့ လိုအင်ဆန္ဒတွေကိုလည်း ထင်ဟပ်ပြသလို့ နေပါတယ်။

တကယ်ပါပဲ မိဘဆိုတဲ့ အရိပ်အာဝါသအောက်မှာ ဘယ်သူမဆို ကြီးပြင်းရှင်သန် လူလားမြောက်လိုကြပေမယ့် သူတို့ကလေးတွေကတော့ အကြောင်းအမျိုးမျိုးကြောင့် ' ထန်လည်းဆစ်ကျိုး- လှေပိုးထိုး' ဘဝကို ရောက်ခဲ့ကြရပါတယ်။

မိဘရင်ခွင်ရဲ့ နွေးထွေးမှုအရသာဆိုတာ သူတို့သိရှိခွင့်မရခဲ့သလို စမ်းရေပမာ မိဘမေတ္တာ ဆိုတာကိုလည်း မသောက်သုံးခဲ့ကြရတာ အမှန်ပါ။ ခက်ခဲကြမ်းတမ်းတဲ့ ဘဝမှာ လောကဓံရဲ့ ရိုက်နှက်ထုထောင်းမှုတွေကြောင့် ဒဏ်ရာဒဏ်ချက်အသီးသီးနဲ့ သူတို့လေးတွေ လူလားမြောက် ကြီးပြင်းခဲ့ရပါတယ်။ ပုံမှန်မကျတဲ့ ဖြစ်စဉ်တွေကို ရင်ဆိုင်ဖြတ်သန်းခဲ့ကြရပါတယ်။

ဒါကြောင့် 'ဘရာဇီး' အပါအဝင် 'အာဖရိကနိုင်ငံအချို့' ကမိဘမဲ့ကလေးတွေရဲ့ အကြောင်းကို စာအုပ်တွေထဲမှာ ဖတ်ရ၊ သတင်းများမှာကြည့်ရှုခဲ့ရတိုင်း စိတ်မကောင်းဖြစ် ရတာ လည်း အကြိမ်ကြိမ်ပါ။

သူတို့လေးတွေရဲ့ဘဝတွေ ပိုမိုတိုးတတ်ကောင်းမွန်လာဖို့ ၊လုံခြုံနွေးထွေး တဲ့အခြေအနေလေးတွေ ရရှိနိုင်ဖို့ မျှော်လင့်မိတာလည်းအမှန်ပဲဖြစ်ပါတယ်။

ချမ်းသာတဲ့နိုင်ငံတွေက အစိုးရများကတော့ သူတို့အတိုင်းအတာနဲ့သူတို့ 'မိဘမဲ့ဂေဟာ' ဖွင့်လှစ်ပြီး တတ်နိုင်သလောက် ဂရုစိုက်ဖွင့်လှစ်စောင့်ရှောက်ပေးကြပါတယ်။ ဒါပေမယ့် ဒီလိုကူညီ စောင့်ရှောက်မှုမျိုးတွေဟာ ကမ္ဘာပေါ်က များပြားလှတဲ့ မိဘမဲ့ကလေးသူငယ်ဦးရေနဲ့ နှိုင်းယှဉ်လိုက် တဲ့အခါ 'ဆင့်ပါးစပ်နှမ်းပက်'သလို ဖြစ်သွားရပြန်တယ်။

တစ်ဆက်ထဲ အဲဒီ လို မိဘမဲ့ကလေးများကို ဆေးသိပ္ပရှုထောင့်က လေ့လာဆန်းစစ်ကြည့် တဲ့အခါ ပုံမှန်မဟုတ်တဲ့ စိတ်ရောဂါဆန်ဆန်အခြေအနေမျိုးကို တွေ့ရပြန်တယ်။ လုံးဝရူးသွပ် ဖောက်ပြန်နေတာ မဟုတ်ပေမယ့် လိုအင်ဆန္ဒတွေမပြည့်ဝ၊ မျှော်လင့်ချက်တွေမဲ့၊ ကြမ်းတမ်းတဲ့ဘဝ မှာ နွေးထွေးမှုမဲ့စွာ ခက်ခက်ခဲခဲဖြတ်သန်းကြရတာ ကြောင့် သူတို့မှာပုံမှန် တွေးခေါ်စဉ်းစားနိုင်မှု အားနည်းပြီး စိတ်ဓါတ်ရေးရာ ခိုင်မာမှုမရှိတာတွေ့ကြရပါတယ်။ ဒါဟာ သဘာဝ ကျတဲ့ ဖြစ်စဉ်တစ်ခုလို့ဆိုပေမယ့် အဲဒီ မျိုးဆက်တွေရဲ့ လက်ထဲကိုရောက်လာမယ့်အနာဂတ်ဟာ အန္တရာယ် မရှိနိုင်ဘူးလို့ ဘယ်သူကအာမခံနိုင်ပါ့မလဲ။

ပညာမတတ်တဲ့၊ မှန်ကန်စွာမစဉ်းစားတတ်တဲ့၊ အနှိမ်ခံဘဝနဲ့နေလာခဲ့ရတဲ့၊လိုအပ်ချက်တွေ များလွန်းနေတဲ့ အဲဒီ လိုကလေးမျိုးတွေရဲ့ ရယူလိုမှုဟာမိုးထိမြင့်မားကောင်းမြင့်မားနိုင်ပါတယ်။အဲဒီ ဆန္ဒတွေကိုမှန်ကန်တဲ့နည်းလမ်းများနဲ့အကောင်အထည်ဖော်မယ်ဆိုရင် မထောင်းတာလှပေမယ့် မမှန်မကန်သာ အကောင်အထည်ဖော်လို့ကတော့ ကမ္ဘာကြီးရဲ့အနာဂတ်ဟာ မစဉ်းစားရဲတဲ့ အထိဖြစ်သွားနိုင်ပါတယ်။

ဒါကြောင့်အိမ်တစ်လုံးလိုချင်တယ် "နွေးထွေးမှုရှိတဲ့အိမ်မျိုးရှိချင်တယ်"ဆိုတဲ့ သူတို့ကလေး တွေရဲ့ ဆန္ဒကို

တတ်နိုင်သလောက်အားလုံး ဝိုင်းဝန်းဖြည့်ဆည်းပေးနိုင်ကြရင် အတိုင်းထက်အလွန်ပါပဲ။ အချို့ကိစ္စတွေကတော့ ငွေထက် နားလည်မှု၊နွေးထွေးမှု၊လူသားမေတ္တာ၊အကြင်နာ တရားတွေနဲ့ဖြေရှင်းမှ ရနိုင်တာမျိုးပါ။

" မိဘမဲ့ကလေးတွေအားလုံး နွေးထွေးပျော်ရွှင်တဲ့ ဘဝတွေ ရရှိနိုင်ကြပါစေ . . ."

**7 DAY NEWS Journal**

**အတွဲ(၉)၊ အမှတ်(၃၁)၊**

**အောက်တိုဘာ ၂၁၊၂၀၁၀**

♥ ♥ ♥

# အရိပ်တွေ လိုက်ဖမ်းနေရင်
# အကောင်တွေ လွတ်သွားလိမ့်မယ်

"အရိပ်တွေလိုက်ဖမ်းနေရင် အကောင်တွေလွတ်သွားလိမ့်မယ်သတိထား" ဆိုတာ အီစွတ် ပုံပြင်တွေထဲက စကားပါ။ " Be ware that you do not lose the substance by grasping at the shadow" ဆိုတဲ့ စကားပုဒ်ပဲဖြစ်ပါတယ်။ ဟုတ်တယ်၊ ကျွန်တော်တို့ဟာ တစ်ခါတစ်ခါမှာ အရိပ်တွေ၊ သဏ္ဍာန်တွေနောက်ကိုပဲ လိုက်နေကြတာကြောင့် အထင်ကရတွေ၊ အဓိကကျတာ တွေကို မျက်ခြေပြတ်သွားတတ်ကြတယ်။

အရိပ်နဲ့တူတဲ့ သဏ္ဍာန်တွေအပေါ်မှာ တိမ်းညွတ်နေတာဟာ အကောင်နဲ့တူတဲ့ အမှန်တရား နဲ့ ကင်းကွာလို့နေတတ်တယ်။ ယုံကြည်မှုတစ်ခုနဲ့ လုပ်ကိုင်ဆောင်ရွက်နေတဲ့ ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေးတွေကို မဆိုထားနဲ့ နေ့စဉ်ဘဝမှာ မလွဲမသွေ ကြုံနေကြရတဲ့ အသေးအဖွဲကိစ္စ လေးတွေမှာတောင် မြင်တွေ့လို့နေပါတယ်။

ဒီနေရာမှာအရိပ်နဲ့ အကောင်ဆိုတာ 'အထင်နဲ့အမြင်'နဲ့ အသွင်သဏ္ဍာန်တူနေပြန်တာ ကြောင့် ထပ်တူပြုစဉ်းစားနိုင်ပြန်တယ်။ အထင်ဆိုတာက 'ထင်ကြေး' လောက်သာဖြစ်ပြီး အဲဒီ ထင်ကြေးဟာဘယ်လောက်မှန်ပြီး ဘယ်လောက်မှားသွားနိုင်တယ်ဆိုတာလည်း ဆုံးဖြတ်ချက်ချဖို့ ခက်ခဲပါတယ်။ ရာနှုန်းပြည့်မှန်ဖို့ဆိုတာ ဖြစ်နိုင်ချေနည်းပြီး ရာနှုန်းအနည်းစုသာ ကိုယ့်ရဲ့ ထင်ကြေးဟာနီးစပ်နိုင်ပါလိမ့်မယ်။ဒါကြောင့် အထင်ဆိုတာဟာ အရိပ်အယောင်နဲ့တူပြီး အတိအကျဆုပ်ဖမ်းရယူနိုင်ဖို့ အမှန်ပဲခက်ခဲပါလိမ့်မယ်။

ဒီလိုပဲအမြင်ဆိုရာမှာ ရှုမြင်သိတတ်မှုက ဆင်းသက်လာတာမို့ အမြင်ဆိုတာတစ်စုံတစ်ရာ တိကျသေချာတတ်ပါတယ်။ ကိုယ့်စိတ်ထဲကထင်တာတွေကို မှန်းဆပြောတာမျိုးမဟုတ်ဘဲ

ကိုယ့်ရဲ့မျက်မြင်အနေအထားကို ပြောဆိုရမှာမို့လွဲချော်ဖို့ခဲယဉ်းပါလိမ့်မယ်။ တစ်ခါတစ်ခါပတ်ဝန်း ကျင်ကထင်ယောင်မှားဖြစ်သွားစေမယ့် အခြေအနေအကြောင်းအချက်တွေကြောင့် အမြင်မှား သွားပြီး လွဲမှားတဲ့ဆုံးဖြတ်ချက်တွေ ချတတ်ပေမယ့် အဲဒါမျိုးဆိုတာ အင်မတန်ရှားရာခိုင်နှုန်းနည်းပါးပါ လိမ့်မယ်။

ဒီတော့ဘယ်အလုပ်ကိုပဲလုပ်လုပ်၊ ဆုံးဖြတ်ချက်ကိုချရချရ ၊ အထင်နဲ့လုပ်ကိုင်ဆောင်ရွက် တာမျိုးဟာ အရိပ်တွေကိုလိုက်ဖမ်းနေသလိုမျိုး၊ အရိပ်အယောင်တွေထဲမှာ နှစ်သိမ့်ကျေနပ်နေ တာမျိုးနဲ့တူပါတယ်။ ဒီလိုပဲမှန်ကန်တဲ့အမြင်အသိနဲ့ လုပ်ကြတာမျိုးကျတော့ တကယ်ကို မျက်တွေ့လက်တွေ့ကျတာမို့ လွဲချော်ခဲလှပါတယ်။လက်တွေ့ဆိုတာတွေဟာ အကောင်ကြီး တစ်ကောင်လုံးကို မြင်တွေ့သိရှိရုံမက ဆုပ်ဖမ်းနေသလိုမျိုးပါ။ ဒီတော့ကိုယ့်ရှေ့ကအကောင်တွေ ပျောက်သွားဖို့ဆိုတာ မဖြစ်နိုင်သလို ကိုယ့်ဦးတည်ချက်အတိုင်း အကောင်အထည်ဖော်နိုင်ဖို့လည်း အခွင့်အရေးတွေ ရရှိနိုင်မှာအသေအချာပါ။

ကိုယ်ကကိုယ်တွေ့ထားတဲ့အကောင်ကို မိအောင်ဖမ်းနိုင်ဖို့အတွက် လိုအပ်တဲ့ တတ်သိပညာ လိုအပ်တဲ့ကြိုးစားအားထုတ်မှု၊ လိုအပ်တဲ့ဇွဲနပဲသာ အပြည့်အဝရှိနေလို့ကတော့ ကိုယ်လိုချင်တာရနိုင်ဖို့အတွက် ကိုယ်ဖြစ်ချင်တာဖြစ်နိုင်ဖို့ အတော်သေချာပါလိမ့်မယ်။ အောင်ပွဲ ရရှိဖို့ ကာလ အတို-အရှည်သာကွာချင်ကွာမယ်။ မြေကြီးလက်ခတ်မလွဲ ကိုယ့်ရည်မှန်းချက် ကတော့ ရောက်ကိုရောက်မှာပါ။

တစ်ခါတစ်ခါကျွန်တော်တို့ဟာ 'ပုဂ္ဂလဓိဋ္ဌာန်' သဘောဆောင်တဲ့ အထင်တွေ၊ တစ်နည်း အားဖြင့် အရိပ်တွေနောက်ကို လွဲမှားစွာလိုက်ပါနေတတ်ပြီး ဓမ္မဓိဋ္ဌာန်သဘောဆောင်တဲ့ အမြင်နဲ့ လက်တွေ့ အကောင်အထည်ဖော်မှုအပိုင်းမှာ လစ်ဟာနေတတ်တယ်။ အကျိုးဆက်ကတော့ အရိပ်တွေနောက်ကိုပဲ အားခဲပြီး

လိုက်နေတာကြောင့် အကောင်တွေကို ရရှိဖို့ ခဲယဉ်းသွားတတ်ပါ တယ်။

တခြားမကြည့်နဲ့ 'သောမတ်အယ်လ်ဗာ အယ်ဒီဆင်န်'ရဲ့ စကားကိုပဲကြည့် သူက"အလုပ် ရှုပ်နေတယ်လို့ ဆိုတာက အမှန်တကယ်ပဲ အလုပ်လုပ်နေတဲ့အဓိပ္ပာယ်မထွက်ပါဘူး။ အလုပ် အားလုံးရဲ့ ရည်ရွယ်ချက်က ကုန်ထုတ်လုပ်ဖို့ ဒါမှမဟုတ် အောင်မြင်ပြီးမြောက်ဖို့ ဆိုတာတွေပဲ ဖြစ်ပါလိမ့်မယ်။ အဲဒီ ရည်ရွယ်ချက်ပန်းတိုင်တစ်ခုကို ရောက်ဖို့ဆိုတာကလည်း ကြိုတင်တွက်ချက်တတ်ဖို့၊ လုပ်ကိုင်တဲ့စနစ်၊ စီမံချက်၊ ကျွမ်းကျင်မှု၊ ရိုးသားတဲ့ရည်ရွယ်ချက်အပြင် ချွေးနဲ့လည်းရင်းရ လိမ့်မယ်။စိတ်ကူးနေရုံသက်သက်ဟာ တကယ်အလုပ်လုပ်တာမဟုတ်ဘူး" လို့ ပြောဖူးပါတယ်။

ဟုတ်တော့လည်းဟုတ်ပါတယ်။ တချို့လူတွေကိုကြည့်လိုက်ရင် နှစ်ဆယ့်လေးနာရီ အလုပ်များ တတ်တယ်။ အင်မတန် ကြီးကျယ်ခမ်းနားတဲ့ အလုပ်ကြီးအကိုင်ကြီး၊ လုပ်ငန်းစီမံကြီး တွေကို အားကြိုးမာန်တက် လုပ်ကိုင်နေသယောင် ထင်ကြရတယ်။ သူတို့ လုပ်နေတဲ့ အလုပ်တွေကို စေ့ငုသေချာအောင် လေ့လာကြည့်လိုက်တဲ့အခါမှာတော့ ဘာတစ်ခုမှရေရေရာရာ မရှိဘဲ အရိပ်တွေကို လိုက်ဖမ်းနေသလိုမျိုး ဖြစ်နေတတ်ပါတယ်။

သူတို့လုပ်နေတဲ့ အလုပ်တွေကလည်း ချွေးနဲ့သွေးနဲ့ လုပ်တဲ့အလုပ်မျိုးမဟုတ်သလို နားငြီး လောက်အောင် အာဘောင်အာရင်းသန်သန်နဲ့ လေပုတ်ထုတ်နေသလိုမျိုးတွေသာ များတတ် တယ်။ လုပ်နေတဲ့လုပ်ငန်းရဲ့ ရည်မှန်းချက်ကဘာ ၊ အဲဒီ လုပ်ငန်းအောင်မြင်ပြီးမြောက်ဖို့အတွက် ဘယ်လိုစီမံကိန်းနဲ့ စီမံချက်တွေရှိတယ်။ ကျွမ်းကျင်မှု၊ တတ်ကြွမှုကို ဘယ်လိုအတွဲညီညီဖြစ်နေ အောင် ဆောင်ရွက်မယ်စတဲ့ လက်တွေ့ကျတဲ့ အစီအမံဆိုတာကလည်း မရှိသလောက် ဖြစ်နေတာမျိုးကို တွေ့ရလိမ့်မယ်။ ဒီတော့ " ပိုးသာကုန် မောင်ပုံစောင်းမတတ်" ဆိုသလို အချိန်တွေသာ တစ်ရက်ပြီးတစ်ရက် ကုန်သွားမယ်။ ဝိုးတိုးဝါးတားဖြစ်နေတဲ့ ရည်မှန်းချက်တွေဟာ

အကောင်အထည်ပေါ်လာဖို့ကတော့ ခက်ခဲပါလိမ့်မယ်။

"မြစ်တစ်ဖက် ဝက်လက်မီးကင်" ဆိုတဲ့ စကားရှိတယ်။ မရေရာမသေချာမှုတွေ၊ မဖြစ်နိုင်မှု တွေက အစချီပြီး မအောင်မြင်မှုနဲ့ အဆုံးသတ်သွားရမှာဟာ အဲဒီ လိုစိတ်ကူးယဉ်စကားမျိုးတွေပဲ ဖြစ်ပါလိမ့်မယ်။ အရိပ်တွေကို အကောင်ထင်နေရင် အဲဒီ ထင်ယောင်ထင်မှားဖြစ်မှုရဲ့ အကျိုးဆက် အဖြစ် တကယ်အစစ်အမှန် အကောင်တွေကို လွတ်သွားတတ်တယ်။ အမှန်တကယ်ဖြစ်သင့်တာ က အရိပ်အယောင်ဆိုတဲ့အထင် တွေကိုစွန့်လွှတ်ပြီး တကယ်ဖြစ်နေတဲ့၊ တကယ် လက်တွေ့ မျက်တွေ့၊ တွေ့မြင်နေရတဲ့ တကယ့်အကောင်အထည် စစ်စစ်တွေကိုပဲ ရဲရဲဝံ့ဝံ့ ဆုတ်ကိုင်နိုင် ကြမယ်ဆိုရင် မကောင်းပေဘူးလား။

**Family Magazine**

**အောက်တိုဘာ၊ ၂၀၁၁**

♥ ♥ ♥

# နောက်ဆုံးစီရင်ချက်လား
# ယာယီအဟန့်အတားလား

လူတစ်ယောက်ရဲ့ ဘဝဖြတ်သန်းမှုလမ်းကြောင်းပေါ်မှာ အင်မတန်နက်ရှိုင်းပြင်းထန်တဲ့ ကိစ္စတွေကိုကြုံရလေ့ရှိတယ်။ နာကျင်ခံခက်ရုံမက အဲဒီကိစ္စဟာ မိမိဘဝရဲ့ နောက်ဆုံးစီရင်ချက် တစ်ခုလို့တောင် ထင်မှတ်မှားတတ်တယ်။ ဘယ်လိုမှရှောင်လွှဲလို့မရရုံမက ဘဝရဲ့နောက်ဆုံးအချိန် ကို ရောက်နေပြီးလို့လဲ နားလည်မှုလွဲတတ်တယ်။ ဒါဟာလူပျော့လူညံ့တိုင်းရဲ့ သဘောသဘာဝ ပါ။

သူတို့ဟာအဲဒီ သူတို့ရင်ဆိုင်ကြုံတွေ့နေရတဲ့အခက်အခဲ၊ မကျော်လွှားနိုင်တော့ဘူးလို့ တွေးထင်ထားတဲ့ အခက်အခဲဟာ ယာယီအဟန့်အတားတစ်ခုသာဖြစ်တယ်ဆိုတာကို သိနား လည်မှု အားနည်းကြတယ်။ သာမန်ပုထုဇဉ်တစ်ယောက်မို့လည်း ရယ်စရာရှိရယ်လိုက်၊ ငိုစရာရှိငို လိုက်ကြရုံသာမက အခက်အခဲ အကြပ်အတည်းတစ်စုံတစ်ရာကို တွေ့ကြုံရပြီဆိုရင် အဆိုးမြင် ဖက်ကို အလေးသာပြီး စိတ်ဓာတ်ကျဆင်းသွားတတ်ကြတယ်။ အရာအားလုံးဟာ ကျော်လွှားနိုင် သေးတဲ့ အခြေအနေမှာရှိတယ်ဆိုတာ လုံးဝစဉ်းစားမှုမရှိတော့ဘူး။

တချို့ကတော့ ကူညီစောင့်ရှောက်သူများရဲ့ ထီးရိပ်အောက်မှာ အေးချမ်းသက်သာစွာပဲ ဘဝကို ဖြတ်သန်းလာခဲ့ရလေတော့ ကိုယ့်နှာခေါင်းပေါက်နဲ့ကိုယ် အသက်ရှူပြီး ကိုယ့်ခြေထောက် ပေါ်ကိုယ်ရပ်ပြီး ဘဝကို ဖြတ်သန်းတဲ့အခါ မထင်မှတ်ဘဲ အချိုးအကွေ့ အတတ်အဆင်းများမှာ အခက်အခဲကို ကြုံတွေ့ရတဲ့အခါ မျှော်လင့်မထားတာတွေက တစ္ဆေသရဲတွေလို ပတ်ဝန်းကျင်မှာ ကြုံလာရတဲ့အခါ အရှုံးပေးလက်မြှောက်ပြီး ဘဝရဲ့နောက်ဆုံးအချိန်ရယ်လို့ အတွေးရောက်ပြီး လက်မြှောက်အရှုံးပေးတတ်ကြတယ်။

ပျော့ညံ့တဲ့သူတွေဟာ အကောင်းမြင်စိတ်ဓာတ်ကို မွေးမြူပြီး

ကြုံလာသမျှ အခက်အခဲ တွေကို ကျော်လွှားဖို့ပြင်ဆင်ထားတာထက် အဆိုးမြင်စိတ်ဓာတ်နဲ့ကြုံတွေ့ရတာ တွေကို ပုံကြီးချဲ့ တွေးတောပြီး အဖျက်သဘောနဲ့ ရှုမြင်တတ်ကြတယ်။ ထန်းပင်ခြေရင်းက ထန်းရွက်ပုံအောက်မှာ ဝပ်ပြီးငိုက်တဲ့ ယုန်သူငယ်တစ်ကောင်ဟာ ထန်းသီးက သူဝပ်နေတဲ့ ထန်းရွက်ပုံပေါ်ကို ကြွေပြီး ပြုတ်ကျတဲ့အခါ ကမ္ဘာပျက်ပြီအတွေးနဲ့ တစ်တောလုံးတစ်တောင်လုံး လှည့်ပတ်ပြေးလွှားအော် ဟစ်ပြီး ဆောက်တည်ရာမရအောင် ဖြစ်သွားခဲ့ဘူးတယ်။ သူ့ကြောင့် တခြားတိရိစ္ဆာန်တွေလည်း ဒုက္ခရောက်ကြရတယ်။ စူးစမ်းဆင်ခြင်မှုကင်းမဲ့စွာ ၊ ဘဝကိုအဆိုးမြင်မှု သိပ်သည်းစွာနဲ့ရှုမြင် တဲ့အခါ အရာအားလုံးဟာ ကြောက်စရာတွေဖြစ်သွားတတ်တယ်။

ဓမ္မတာပဲ ဘယ်လိုပုဂ္ဂိုလ်မျိုးမဆိုအခက်အခဲဆိုတာ ရင်ဆိုင်တွေ့ကြုံရတတ်ပါတယ်။ ရင်ဆိုင်တွေ့ကြုံလာသမျှကို ကျော်လွှားနိုင်ဖို့ အကောင်းမြင်သဘောထားနဲ့ ဖြေရှင်းကြတဲ့သူတွေရှိ သလို အဆိုးမြင်နဲ့လုံးဝဖြေရှင်းနိုင်စွမ်းမရှိ၊ ကျော်လွှားနိုင်စွမ်းမရှိတော့ဘူး။ စိတ်ဒုံးဒုံးချပြီး လက် မြှောက်အရှုံးပေးလိုက်တာ ကောင်းတယ်ဆိုတဲ့သူတွေလည်း ရှိတတ်ပါတယ်။

ငိုက်ထားတဲ့သူတို့ခေါင်းဟာ သွေးချင်းချင်းနီတော့မယ်။ အဲဒီ ခေါင်းနဲ့ခန္ဓာကိုယ်ဟာ အိုးစား ကွဲတော့မယ်ဆိုတဲ့ အတွေးနဲ့ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ သဘောထားသူတွေဟာ လူပျော့လူညံ့၊ လူ့အန္တတွေဘဝကို သူတို့တစ်တွေရောက်နေကြပြီဆိုတာ သူတို့မေ့နေတတ် ကြတယ်။ ဘဝမှာသူတို့ဟာ နောက်ဆုံးစီရင်ချက်ကို ချမှတ်ခံနေရပြီလို့လည်း တွေးထင်တတ်ကြ တယ်။ ဘာဆိုဘာမှ လူသားတစ်ယောက်ရဲ့ အားမန်သတ္တိဆိုတာတွေကို သူတို့ဆီမှာမတွေ့ရ တော့ဘူး။ ဒါဟာ လူ့အရည်အသွေး မပြည့်ဝသေးတဲ့သူတွေ တွေ့ရတတ်တဲ့ အချင်းအရာတွေပဲဖြစ် တယ်။

လူဆိုတာဘဝရှင်သန်တိုးတတ်ဖို့ အရည်အချင်းအပြည့်ရှိတတ်ကြတယ်။

အနိုင်မခံအရှုံးမ ပေးတတ်တဲ့ မွေးရာပါဗီဇလည်း ပါလာတတ်ကြတယ်။ ဒါတွေဟာကျောက်ရိုင်းတွေနဲ့တူတယ်။ ကာယကံရှင်ဟာ သူရဲ့ပစ္စည်းကို တန်ဖိုးတတ်အောင်သွေးယူနိုင်တယ်။ အရောင်တလက်လက်ဖြစ် သွားအောင် ဖန်တီးနိုင်ရမယ်။ ဒါမှသာ သူဟာလူပီသပြီး လူ့လောကတာဝန်ကို ကျေပွန်ပေမပေ့ါ။

ကိုယ့်ရှေ့မှာ ကိုယ့်ပတ်ဝန်းကျင်မှာ ကိုယ်စံထားအတုယူစရာ လူပုဂ္ဂိုလ်တွေအများကြီးရှိ တယ်။ ကုန်လွန်ခဲ့တဲ့ သမိုင်းကာလတွေမှာလည်း ရှိတယ်။ သူတို့ဟာ လူသားအားမာန်နဲ့ အကောင်းမြင်စိတ်ဓာတ်ကို စိုက်ထူပြီး အရာရာပေါ်မှာ အောင်ပွဲခံခဲ့ကြတယ်။ လူသားဘဝ တွေကိုလည်း တိုးတတ်စေခဲ့တယ်။ သူတို့တစ်တွေသာ အဆိုးမြင်စိတ်နဲ့ အရှုံးပေးအညံ့ခံခဲ့ကြရင် ကျွန်တော်တို့ဟာ နောက်ပြန်ဆုတ်ပြီး ကျောက်ဂူတွေထဲပြန်ဝင်ကြရဖို့ပဲ ရှိလိမ့်မယ်။

လူသားဆိုတာ တစ်လောကလုံးကို အောင်နိုင်ခဲ့သူပါ။ အခုအခါ လူသားဟာ သူ့ကမ္ဘာကို နတ်တွေ-သိကြားတွေလို လိုတရအောင် တစ်ဆင့်ပြီးတစ်ဆင့် ဖန်တီးနေကြပြီ။ စကြ်ာဝဠာအထိ ပိုင်စိုးနိုင်အောင် ကြိုးစားနေကြပြီး အရင်ကတွေးမထားခဲ့ကြတဲ့ အောင်မြင်မှုအဆင့်ဆင့်ကို ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြပြီ။ ဒါပေမယ့် တချို့ကတော့ အဲဒီ လိုကြီးကျယ်တဲ့ မဟာလူသားဘဝကို ရရှိခဲ့ကြပေမယ့် အဲဒါကို မေ့နေတတ်ကြတယ်။ သိမ်ငယ်စွာ အခက်အခဲရှေ့မှာ ဒူးထောက်ချင် တတ်ကြတယ်။

နောက်ဆုံးစီရင်ချက်ဆိုတာက နောက်ဆုံးဆိုတဲ့အတိုင်း ဘဝရဲ့နောက်ဆုံးအချိန်ကို ပို့ဆောင် ပေးမယ့်အရာဆိုတာရှင်းပါတယ်။ ဘာမှတုံပြန်ကြိုးစားမှု မရှိခင်ဘဝရဲ့ အခက်အခဲတွေကို နောက်ဆုံးစီရင်ချက်အဖြစ် သဘောထားနေလို့ကတော့ ဘာအောင်ပွဲမှ မရနိုင်တာ သေချာသလို ရှုံးနိမ့်ကျဆင်းသွားပါလိမ့်မယ်။ အခက်အခဲဆိုတာ တုံပြန်ရင်ဆိုင်ဖို့အတွက် အချက်ပေးတဲ့ ခေါင်းလောင်းသံပါ။ ဒါကိုလူသားတိုင်း နားလည်စေချင်တယ်။ အခက်အခဲမှန်သမျှကို မကျော်လွှားနိုင်တဲ့ အရာတွေမဟုတ်ဘူး။

အမှန်တကယ်ပဲကျော်လွှားနိုင်လိမ့်မယ်၊ ကြိုးစားအား ထုတ်ဖို့သာလိုပါတယ်။ တချို့ကပြောကြတယ် အခက်အခဲကြီးလေ အောင်ပွဲနီးလေတဲ့။ အကောင်းမြင်နဲ့ စိတ်ဓာတ်မြှင့်တင်ထားတဲ့ ဒီစကားဟာ တကယ်ပဲလိုလားကြိုဆိုစရာပါ။

ကျွန်တော်တို့ဟာ ရှင်သန်နေနိုင်ကြဖို့လိုပါတယ်။ ရှင်သန်နိုင်ဖို့အတွက် အခက်အခဲ အကြပ်အတည်းများကို ကျော်လွှားနိုင်ရပါမယ်။ အခက်အခဲဆိုတာ ဘဝရဲ့နောက်ဆုံးစီရင်ချက် မဟုတ်ဘူး။ သေဒဏ်မဟုတ်ဘူး။ အောင်ပွဲအတွက် ခေါင်းလောင်းသံသာဖြစ်တယ်။ အခွင့်အလမ်း တံခါးဝကို ရောက်လာပြီဆိုတဲ့ အချက်ပြမှုပဲဖြစ်တယ်။ ဒါကိုခိုင်မာစွာယုံစေချင်တယ်။ မိမိရဲ့ အကောင်းမြင်စိတ်၊ မိမိပတ်ဝန်းကျင်က လေ့လာအတုယူစရာ ပုဂ္ဂိုလ်များကို စံထားရာအခြေအနေ၊ မလျော့တဲ့ ဖွဲ-လုံ့လ၊ ဝီရိယတို့ ထွန်းညှိရာ ကွင်းတစ်ကွင်းအဖြစ် မှတ်ယူသင့်တယ်။ တကယ်တော့ သင်ဟာ ကိုယ့်ကိုကိုယ် အောင်နိုင်သူ မဟာလူသားအဖြစ် ယုံကြည်နေဖို့ပါပဲ။ ဒါဆိုရင် အရာရာ ပြည့်စုံပါပြီ။

အခက်အခဲဆိုတာ နောက်ဆုံးစီရင်ချက် မဟုတ်၊ ယာယီအဟန့်အတားတစ်ခုသာ ဖြစ်ပါ တယ်။

**အလင်းတန်းဂျာနယ်**

**ဇွန် ၈၊၂၀၁၀**

♥ ♥ ♥

# ဘုရားသခင်ကို ကြောက်ကြရအောင်

" ဘုရားသခင်းကို ကြောက်ကြရအောင်၊ ဒါဆိုရင် ကျုပ်တို့ဟာ လူတွေကိုကြောက်စရာမ လိုတော့ဘူး" ဆိုတဲ့ စကားကို 'မဟတ္တမဂန္ဒီ' ကပြောဖူးခဲ့တယ်။ ဂန္ဒီကြီးက ဘုရားကိုကြောက်ကြရ အောင်ဆိုတာ သက်ဦးဆံပိုင်တွေ၊ အာဏာရှင်တွေကို ကြောက်ကြရသလိုမျိုးမဟုတ်ဘူး။ မိဘကို သားသမီးက ကြောက်ချစ်ရိုသေသလိုမျိုး၊ တပည့်က ဆရာကို ကြောက်ချစ်ရိုသေသလိုမျိုး ပုံသဏ္ဍာန်ကို ဆိုလိုဟန်ရှိတယ်။

ဒီနေရာမှာ တစ်လောကလုံးရဲ့ အထွဋ်အမြတ်အဖြစ် သတ်မှတ်ကိုးကွယ်ခဲ့တဲ့ဘုရားကို ကြောက်တယ်ဆိုတာ သာမန်ကြောက်ရွံ့ ထိတ်လန့်တာမျိုးဟုတ်ဟန်မတူဘဲ ကြောက်ချစ်ရိုသေရုံ သာမက ကိုးကွယ်ဆည်းကပ်ပူဇော်ပြီး ဘုရားသခင်သွန်သင်ဆုံးမခဲ့တာ ညွှန်ကြားပြသခဲ့တာ တွေကို လေးစားလိုက်နာတာ၊ ကျင့်ကြံအားထုတ်တာမျိုး ဖြစ်ပေလိမ့်မယ်၊ ဘုရားပြောသလို လုပ်ကြတာပဲ ဖြစ်ပေလိမ့်မယ်။

ဒီတော့ဘုရားသခင်က ဘာတွေဟောပြောခဲ့ပါလိမ့်၊ အင်မတန်ရိုးရှင်းပြီး လူတိုင်းလိုက်နာ သင့်တဲ့၊ ကျင့်ကြံသင့်တဲ့ လူ့ကိုယ်ကျင့်တရားတွေကို အခြေခံကစပြီး ဟောပြောခဲ့တာမဟုတ်လား။ တပါးသူရဲ့ အသက်ကိုသတ်တာ၊ သူတပါးရဲ့ ပစ္စည်းကိုနည်းလမ်းပေါင်းစုံနဲ့ ခိုးတာ၊ စည်းမဲ့ကမ်းမဲ့ ဖောက်ပြန် ကာမဂုဏ်ကျူးလွန်တာ၊ မုသားပြောတာ၊ သစ္စာမရှိတာ၊ မူးယစ်ထုံထိုင်းဘေးဖြစ် စေမယ့် ပစ္စည်းတွေကိုသုံးတာ (အရင်ကတော့သေရည်လောက်ပဲရှိလို့ သေရည်ကိုမသုံးဖို့ပဲ ဟောပြောဆုံးမခဲ့ပေမယ့် ဒီနေ့ကာလမှာ သေရည်သေမှုနဲ့ရော သေခဲတွေပါပေါ်ပေါက်လာလေတော့ အဲဒါတွေကိုမသုံးစွဲကြဖို့ အကျုံးဝင်ပါလိမ့်မယ်။) တွေဟာ လူ့ကျင့်ဝတ်ကိုထိပါးစေတယ်။ ဒီတော့ အဲဒါတွေကို မကျူးလွန် မသုံးစွဲကြပါနဲ့လို့ ဆုံးမခဲ့တာပါ။ ဟောပြောခဲ့တာပါ။

ဘယ်လောက်အခြေခံကျပြီး ဘယ်လောက်ကျယ်ပြန့်သလဲ ဘာမလိုက်နာစရာရှိမလဲ၊ ဒါတွေကိုလိုက်နာခြင်းအားဖြင့် ယှက်နွယ်ပတ်သက်လာမယ့် မကောင်းမှုဒုစရိုက်တွေကို တားဆီး နိုင်လိမ့်မယ်။ ဒါပေမယ့်လူတွေဟာ အဲဒီ အခြေခံကိုယ်ကျင့်တရားတွေကိုတောင် လိုက်နာ ကျင့်ကြံကြဖို့ ပျက်ကွက်နေတတ်တယ်။

ခိုးစရာရှိရင် ခိုးကြ၊ တိုက်စရာရှိရင်တိုက်ကြရင်းနဲ့ ပဋိပက္ခစစ်ပွဲ ပေါ်ပေါက်လာလေ့ရှိတယ်၊ လူတပါးရဲ့ သေးသေးမွှားမွှားပစ္စည်းကလေးတွေလောက်ကို ခိုးဝှက်မိတာ၊ ယူငင်မိတာကစလို့ သူတပါးရဲ့ စည်းစိမ်ဥစ္စာ၊ သူတပါးရဲ့ပိုင်ဆိုင်မှု၊ သူတပါးရဲ့မြေအထိ အတင့်ရဲလာတတ်တယ်။ ဒီကတဆင့် သူတပါးရဲ့ပိုင်နက်နယ်မြေ၊ သူတပါးရဲ့ နိုင်ငံတွေကိုပါ ခိုးယူကျူးကျော်လာတဲ့အခါ မလွဲမရှောင်သာ စစ်ပွဲကြီးတွေပေါ်ပေါက်လာပါလေရော။ နယ်ချဲ့တာပဲဖြစ်ဖြစ် အသွင်သဏ္ဍာန် တမျိုးမျိုးနဲ့ မတရားယူတာပဲဖြစ်ဖြစ် အားလုံးဟာ ခိုးတာချည်းပါပဲ၊ ပညတ်အမျိုးမျိုးတပ်ပြီး ကိုလိုနီနယ်ချဲ့စစ်ပွဲတွေ၊ ကျူးကျော်စစ်ပွဲတွေ၊ စီးပွားရေးစစ်ပွဲတွေ၊ ဘာစစ်ပွဲ ညာစစ်ပွဲတွေလို့ သတ်မှတ်ခေါ်ဝေါ်ကြပေမယ့် အခြေခံကတော့ ခိုးတာပါပဲ။ ဘုရားမကြိုက်တဲ့အလုပ်ကို လုပ်တာပါပဲ။

ဘုရားဟောပြောဆုံးမတားမြစ်ထားတဲ့ ကိစ္စတွေကို သိလျက်နဲ့ဖြစ်စေ၊ မသိဘဲနဲ့ဖြစ်စေ ကျူးလွန်မိတော့ မလိုလားအပ်တဲ့ အနိဋ္ဌာရုံတွေ ပေါ်လာတော့တယ်။ လူအချင်းချင်းသေအောင် သတ်တာ၊ မသေမရှင်ကျန်ခဲ့အောင် နှိပ်စက်ညှင်းပန်းတာတွေ ဖြစ်လာရုံမက နောက်ဆက်တွဲတွေ အဖြစ် ဆင်းရဲမွဲတေတာ၊ ငတ်မွတ်တာ၊ ရောဂါဘယတွေ ခံစားရတာ တွေလည်း မလွဲမသွေပေါ် ပေါက်လာလိမ့်မယ်။ ဒီတော့ လူကလူကို ပြန်ကြောက်နေရတဲ့ အခြေအနေဆိုးတွေကိုလည်း ရှောင်လွဲလို့ရနိုင်ဖို့ မလွယ်ကူတော့ပါဘူး။

တစ်ယောက်နဲ့တစ်ယောက် လောဘရမ္မက်တစ်ခုကြောင့်

သတ်ဖြတ်နှိပ်စက်ကြတာ၊ အဲဒီ လို ကိစ္စတွေ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ဖို့ လူသတ်လက်နက်တွေ အပြိုင်အဆိုင် ထုတ်လုပ်ကြ၊ ဒီကတဆင့် တိုက်ခိုက်ကြရင်း ကမ္ဘာစစ်ပွဲကြီးတွေဟာ မလွဲမသွေပေါ်ပေါက်ခဲ့ရ သလို လူသားမျိုးနွယ် ပျက်သုဉ်းသွားစေမယ့် အနုမြူစစ်ပွဲ ချောက်ကမ်းပါးအထိလည်း မျက်ကန်းတွေလို လျှောက်နေကြဆဲပါ။ ကမ္ဘာပြည်သူအများစုကြီးကတော့ အသည်းတထိတ်ထိတ် ရင်တဖိုဖိုပါပဲ။

သူတပါးရဲ့ ပစ္စည်းကို လိုချင်တပ်မက်စိတ်နဲ့ ကျူးလွန်လို့ ပေါ်ပေါက်လာရတဲ့ ဒုစရိုက်၊ ဒုစရိုက်များက မွေးဖွားပေးလိုက်တဲ့ အနိဋ္ဌာရုံ ၊ ဒါတွေအားလုံးဟာ ဘုရားစကားကိုနားမထောင်လို့ တနည်းအားဖြင့် ဘုရားကိုမကြောက်ကြလို့ ပေါ်ပေါက်လာရတဲ့ ဆင့်ကဲဖြစ်စဉ်တွေပါ။ ဒါတွေကို ဘာကြောင့်များ လူသားတွေမေ့လျော့နေပါလိမ့်၊ ဘာကြောင့်များဘုရားစကားကို နားမဝင်ကြပါ လိမ့်၊ ဘာကြောင့်များ ဘုရားကိုမကြောက်ကြပါလိမ့်။

ဂန္ဒီကြီးကပြောသလို ဘုရားကိုသာကြောက်ကြရင် ဘုရားကိုချစ်ကြောက်ရိုသေ ပူဇော်ပြီး ဘုရားရဲ့ အဆိုအမိန့်များအတိုင်း လိုက်နာကျင့်သုံးအားထုတ်ခဲ့ရင် မလိုလားအပ်တဲ့ ကိစ္စတွေ ပေါ်လာပါမလား။ ပေါ်လာစရာရော ရှိပါ့ဦးမလား။

အကုသိုလ်တွေကြောင့် လူလူချင်း ကြောက်ရတာ ၊ စစ်ပွဲတွေကို ကြောက်ရတာ ထက် သဘာဝ ဘေးအန္တရာယ်တွေကို ကြောက်နေရတာ ကိုပဲ ကြည့်ရအောင်၊ ဘုရားသခင်က သတ္တဝါအ ချင်းချင်း မေတ္တာထားဖို့ ၊ ဒုက္ခရောက်အောင်မလုပ်ကြဖို့ဟောပြောဆုံးမခဲ့တယ်။ ဒါပေမယ့် လူတွေဟာအကျိုးစီးပွားအတွက် ဘုရားစကားကို နားမထောင်တော့ ဘုရားကိုမကြောက်တော့ဘဲ သစ်ပင်တွေကိုခုတ်မယ်၊ သမုဒ္ဒရာတွေထဲ ရေထွက်ပစ္စည်းတွေ ထုတ်ယူမယ်၊ မြေအောက်သယံ ဇာတတွေကိုလည်း အလွန်အကျွံ ထုတ်ယူသုံးစွဲကြမယ်။

ဒီတော့ ဘာဖြစ်မလဲ တောတောင်ထဲမှာ ရှင်သန်ကြီးထွား ကျက်စားနေရတဲ့ သတ္တဝါတွေ မျိုးတုံးပျောက်ကွယ်လာတယ်။ (သေကြေပျက်စီးသွားကြတယ်) ဒီအတိုင်းပဲ ရေထဲကရေနေ သတ္တဝါတွေ မြေထဲကသတ္တဝါတွေလည်း လျော့ပါးသွားမယ်။ ဒီတော့ သစ်ပင်တောတောင်တွေ ၊ တိရစ္ဆာန်တွေ၊ လူတွေနဲ့ ဟာမိုနီကျကျ ဟန်ချက်ညီညီ တည်ဆောက်ထားရတဲ့ ကမ္ဘာကြီးဟာ တစ်ဖက်စောင်းနင်းဖြစ်သွားပေတော့မယ်။ ဒီတော့အကျိုးဆက်အဖြစ် မလိုလားအပ်တဲ့ သဘာဝ ဘေးအန္တရာယ်တွေ မလွဲမသွေပေါ်ပေါက်လာရတော့တယ်။ သစ်ပင်တွေ တိရိစ္ဆာန်တွေရဲ့ ဒုက္ခ အပြီးမှာ လူတွေရဲ့ဒုက္ခတွေပါ ကပ်ပါလာတော့တယ်။ ဒါကို အဖြေထုတ်ရင် "ဘုရားစကားကို နားမထောင်လို့" ဆိုတဲ့အဖြေကို ရိုးရိုးရှင်းရှင်းလေးပဲ ရကြမှာ သေချာပါတယ်။

ဘုရားကိုမကြောက်တော့ ဘုရားစကားကိုနားမထောင်၊ အဲဒီ လိုနားမထောင်တော့ ဒုက္ခ ရောက်ကြဆိုတဲ့အဖြစ်ကို လူလူချင်းကိစ္စသာမက လူနဲ့တောတောင်ရေမြေတွေရဲ့ ဆက်စပ် ယှက်နွယ်မှုတွေမှာပါ တွေ့ပါတယ်။ ဘယ်သူမဆို ဘုရားစကားနားထောင်တာ ဘုရားကိုကြောက် တာဟာ မကောင်းတဲ့ကိစ္စမဟုတ်တာပဲ ကောင်းတဲ့ကိစ္စဆိုတာ နားလည်လေးနက်စေချင်တယ်။ ဘုရားကိုကြောက်ချစ်ရိုသေပြီး ဘုရားပြောသလိုသာ လိုက်နာကျင့်ကြံကြရင် လူလူချင်းလည်း ကြောက်ဖို့မလိုတော့ဘူး။ သဘာဝ တရားကိုလည်း ကြောက်ဖို့မလိုတော့ဘူးလေ။

ဒါကြောင့်ပဲ ထင်ပါရဲ့ 'မဟတ္တမဂန္ဒီ' က "ဘုရားသခင်ကိုပဲကြောက်ကြရအောင်၊ ဒါဆိုရင် ကျုပ်တို့ဟာ လူတွေကို ကြောက်စရာမလိုတော့ဘူး"လို့ ပြောခဲ့တာပဲ ဖြစ်ပါလိမ့်မယ်။ စဉ်းစား ကြည့်ဖို့ပါ။

**အလင်းတန်းဂျာနယ်**

**အမှတ်(၆၃၁)**

ဇူလိုင် ရ၊ ၂၀၁၀

♥ ♥ ♥